# ၂၀ရာစုတွင်ပြန်လည်မွေးဖွားခြင်း

## Rebirth in 20 century

ပိုင်ဟယ်



## Prologue

"ရှင်းသန့်မောင်"ဟာ ကလေးတစ်ယောက်ကို ကယ်ရင်း သေဆုံးပြီး လွန်ခဲ့တဲ့ နှစ်၄၀ကျော်က ရှင်းသန့်အဖြစ် ပြန်လည် မွေးဖွားလာခဲ့တယ်။ မူလရှင်းသန့်ဟာ နာမည်နဲ့ လိုက်အောင် အမြဲတမ်း ရှင်းသန့်ပြီး အေးဆေးတယ်။ အရုက်ကြီးတယ်။

၂၁ရာစုက ရှင်းသန့်ကတော့ ခေတ်လူငယ်ပီပီ တစ်ဇွတ်ထိုး ဉာဉ်လေးနဲ့ မဟုတ်မခံ ခပ်ဆိုးဆိုးရယ်။

အဓိက ပြဿနာကြီး တစ်ခုက မူလရှင်းသန့်မှာ သဘောကျနေတဲ့သူ တစ်ယောက်ရှိပြီး အဲဒီသူဟာ မူလရှင်းသန့်ထက် အသက်အများကြီး ကြီးတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေတာပဲ။

မူလရှင်းသန့်လေး နေရာမှာ ၂၁ရာစုက ရှင်းသန့်လေး ဘယ်လိုတွေ မွှေဦးမလဲဆိုတာတော့ ...

* * *

## အခန်း(၁)

# ပြန်လည်မွေးဖွားလာခြင်း

"အရီးရေ ... အရီးသား အထွေးနိုးလာပြီ"

နားထဲ တဝီဝီကြားနေရတဲ့ လေတိုးသံနဲ့ရောနေတဲ့ မိန်းမသံတွေကြောင့် ရှင်းသန့် နိုးလာခဲ့တယ်။ အုံကိုက်နေတဲ့ ခေါင်းက နာကျင်မှုက တစ်ယောက်ယောက် တုတ်နဲ့ ဆော်တာ ခံထားရတဲ့အတိုင်း။

"အို ... လူလေး ဖြည်းဖြည်းထ။ ခေါင်းနာနေသေးလား "

ကရုဏာသံပါတဲ့ လေယူလေသိမ်း လေးလေးနဲ့အတူ ဖြည်းဖြည်းချင်း ကူတွဲပေးလာတဲ့ အဒေါ်ကြီး လက်ဖဝါးတွေရဲ့ ကြမ်းရှမှုကို ခံစားမိသည်။

"ဟဲ့ ... စန်းရီ ဘာကြောင်ကြည့်နေတာလဲ ဆရာ့ကို အမြန်သွားပင့်လေ။ တကတဲ ... ညည်းတို့ဆိုတာ"

ဆီမန်း မန်းသလို ဆူနေသည့် အရှေ့မှ ဘွားတော်ကို သေချာမြင်တော့မှ ရှင်းသန့် မျက်မှောင် ကြုတ်လိုက်မိတယ်။ ရွှေဘီးဆံပတ်ကြီးကို နောက်မှာ ထုံးတင်ထားပြီး ကွမ်းချေး တက်နေတဲ့ သွားတွေ။ ထို့အပြင် ဝတ်ထားသည့် ရင်ဖုံးနှင့် လုံချည်ကလည်း ပိပိရိရိ။ အလုံးစုံ ခြုံကြည့်ရသော် ရှေ့က ဘွားတော်သည် သူတစ်ခါမှ မမြင်ဖူးသော မန္တလေးဘက်မှ အမျိုးဖြစ်ရမည်ပင်။

"အမေရော ... အန်တီ"

အသက် လေးဆယ်ကျော်လောက်ပဲ ရှိသေးသည်ကြောင့် အန်တီဟု ခေါ်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ဟင် ... လူလေး ... ဘာပြောတာ ... "

ကြောင်အသွားသည့် အဒေါ်ကြီးနှင့်အတူ အပြင်သွားရန် ပြင်နေသည့်

အမျိုးသမီးငယ် နှစ်ယောက်ကလည်း အံ့သြသွားပုံရကာ သူ့ကို လှည့်ကြည့် လာကြသည်။

"ဟို ... ကျွန်တော့်အမေ ဒေါ်သန်းသန်းအေး လေ"

သူပြောသမျှ တအံ့တသြ ဖြစ်နေရှာတဲ့ အမျိုးသမီးတွေကြောင့် ပြော လက်စ စကားကို မနည်း အရှိန်သတ်လိုက်ပြီး အခြေအနေကို အနည်းငယ် လှည့်ပတ် စူးစမ်းမိတယ်။

Oh god ... ငါ အိမ်မှာ မဟုတ်ဖူးပဲ။

ရေနံချေးဝအောင် သုတ်ထားပုံရတဲ့ အိမ်ကြီးရဲ့ အခန်းတစ်ခန်းထဲက ခုတင်ပေါ်မှာ သူရှိနေတာ ဖြစ်ပြီးတီဗွီ၊ အဲကွန်း ဝေးလို့ ပန်ကာဘာဆိုဘာမျှ မရှိတဲ့ အခန်းဗလာကျင်းထဲမှာ ကျွန်းဗီရို တစ်လုံးရယ်၊ စာရေးစားပွဲ တစ်လုံးရယ်အပြင် ရေဒီယိုလို့ ထင်ရတဲ့ တဂျစ်ဂျစ် အသံထွက်နေတဲ့ အရာ တစ်ခုသာ။ ခုတင် ခေါင်းရင်းဘက်တိုင်မှာ ချိတ်ထားတဲ့ မီးအိမ်ကြီးက အလင်းတစ်ခုသာ အခန်းထဲ ဖြာကျနေတယ်။

ရှင်းသန့် အခုချက်ချင်းပင် ကိုယ့်ကိုယ်ကိုယ် အဖြူအမည်း ဇာတ်ကားထဲ ရောက်သွားသလို ခံစားလိုက်ရသည်။

"ကျွန် ... ကျွန်တော် အခုဘယ်ရောက်နေတာလဲ "

"အံမလေး ... လူလေးရဲ့ ... အမေ့ကို မေ့ရက်လေပလား အမေလေ ... အမေ ... သားလေးကို ကိုးလလွယ် ဆယ်လဖွားပြီး မွေးခဲ့တဲ့ အမေ လေကွယ်"

ရင်ဘတ်စည်တီးကာ ရတ်တရက် ထငိုလေတဲ့ အရှေ့က အဒေါ်ကြီး ကြောင့် ရှင်းသန့် ကြက်သေသေကာ မျက်လုံးအဝိုင်းသားနှင့်။

"မောင်လေး ... မောင်လေး ... မမတို့ကိုရော မှတ်မိလား "

ထွက်သွားရန် ပြင်နေသည့် အမျိုးသမီးငယ်နှစ်ယောက်ကပါ ချက်ချင်း အနားရောက်လာကာ မျက်ရည် တစမ်းစမ်းနဲ့ ငိုလေတော့ သူချက်ချင်း ထွက်ပြေးချင်စိတ် ပေါက်လာမိသည်။

မဟုတ်ဘူး။

တစ်ခုခုတော့ မှားနေပြီ။

တစ်ခုခုတော့ အကြီးအကျယ်ကို မှားနေပြီ။

စိတ်ရှုပ်ထွေးစွာ ခေါင်းကို လှည့်လိုက်တော့ ကွက်ကွက်ကွင်းကွင်း မျက်လုံးထဲ ရောက်လာတဲ့ ဘေးနံရံပေါ်မှာ ကပ်ထားတဲ့ ပြက္ခဒိန်ထဲက မင်းသမီးကြီး ခင်သန်းနုရဲ့ Young Version က သူ့ကို တစ်ခဏ မှင်တက်စေတယ်။

ထိုပြက္ခဒိန် အောက်နားက ဒိတ်ကို မြင်သည့် အချိန်တွင်တော့ ရှင်းသန့် အသိစိတ်တွေ အားလုံး ဗလာဖြစ်သွားသလိုပင်။

"အခု အခု ... ဘယ်နှခုနှစ်လဲ"

မဖြစ်နိုင်လောက်ပါဘူး ဟု စိတ်ထဲ အကြိမ်ကြိမ် ရေရွတ်ရင်း မေးလိုက်ပေမဲ့ ...

"အို ... လူလေး တကယ်ကို ဘာမှ မမှတ်မိတော့ဖူးလား ဒီနေ့ တန်ဆောင်မုန်း လပြည့်ကျော် ၁ရက် ၁၃၃၇ လေ"

"ခင်ဗျာ ... မဟုတ်ဘူး။ ကျွန်တော်ပြောတာ ... အင်္ဂလိပ်ခုနှစ်"

"အင်္ဂလိပ်နှစ်ဆို ၁၉၇၅ လေ ... မောင်လေးရဲ့ ... အမလေး ... မောင်လေးရယ် ... အဖြစ်ဆိုးရချည့်။ ဘာမှကို မမှတ်မိတော့တာလားကွယ်"

ရှန်သားရင်ဖုံးနှင့် မြန်မာဝတ်စုံ တိတိပပ ဝတ်ထားပြီး မြင်ရခဲ့တဲ့ တစ်ပတ်လျှိုရစ်ထားတဲ့ ဆံထုံး ထုံးထားတဲ့ အမျိုးသမီးငယ်နှစ်ယောက်နှင့်

ဘီးဆံပတ်ကြီး ထုံးထားတဲ့ အရှေ့က ဘွားတော်ကို ကြည့်ပြီး သူခေါင်းတွေ ချာလပတ် လည်သွားသလို ခံစားရတယ်။

သူ့လက်ကို ဆုပ်ကိုင်ကာ ငိုပြန်လေတဲ့ အမျိုးသမီးတွေ နည်းတူ သူပါ ချုံးပွဲချ ထိုင်ငိုချင်လာမိသည်။

ဘာလဲ ...

ငါ ... အခု လွှန်ခဲ့တဲ့ အနှစ် လေးဆယ်ကျော်ကို ပြန်ရောက်သွားပြီး ဝတ္ထုတွေထဲလို ပြန်လည် မွေးဖွားခဲ့တာလား ငါလုပ်ခဲ့တာ ကားတိုက်ခံရတော့မဲ့ လမ်းပေါ်က ကလေးတစ်ယောက်ကို ဆင်းကယ်ခဲ့ရုံပဲလေ။

"မှန် ... မှန် ... ကျွန်တော့်ကို မှန်ပေးပါ"

နောက်ဆုံး တစ်ခေါက်တော့ စစ်ဆေးကြည့်ရမယ် ...။

ဟုတ်တယ် ...

မဖြစ်မှ မဖြစ်နိုင်တာ ...

စိတ်လျှော့ ... စိတ်လျှော့ ... ရှင်းသန့်မောင် ။ အားလုံး အဆင်ပြေသွားမှာပါ ...

သူ့စကားအဆုံးမှာ အခန်းထဲက အမြန်ပြေးထွက်ပြီး ယူပေးရှာတဲ့ အမျိုးသမီးငယ် လက်ထဲက မှန်ကို ဖြည်းဖြည်းချင်း ယူကြည့်လိုက်သည်။

"ဟင် ... "

ပန်းသွေးရောင်ရင့်နေသော နုပျိုသည့်ကောင်လေး တစ်ယောက်မျက်နှာကို သူပထမဆုံး မြင်ရကာ ဝိုင်းစက်သည့် မျက်လုံးအိမ်တွေက မျက်တောင်ရှည်တို့ ဝန်းရံလျှက်။

ဘယ်ဘက်ပါး မို့မို့ထက်မှ စံပယ်တင်မှဲ့လေးက မှိန်ဖျဖျနှင့်။ ဖောင်းအိအိ နှုတ်ခမ်းထွေးက အနည်းငယ် ပွင့်ဟကာ အံ့သြနေဟန်နှင့် မှန်ကိုကြည့်

နေသည်။

What the … …

ငါတကယ်ကြီး ပြန်မွေးဖွား လာခဲ့တာလား

အား… တစ်ယောက်ယောက် ကယ်ကြပါ …

* * *

## အခန်း( ၂ )
## မူလရှင်းသန့်၏ တစ်ပိုင်းတစ်စ

ပြတင်းပေါက်က ဝင်လာတဲ့ ဆောင်းလေက နံနက်ခင်းပေမို့မသိ။ လတ်ဆတ်ပြီး အေးနေတာပဲ ...

ပွတ်စရာ ဖုန်းလည်း မရှိတဲ့ခေတ်ပေမို့ မနက်ခင်း နို့အရသာပေါ်သော ကာဖီ (ထိုခေတ်က အခေါ်) နှင့် ပွယောင်းယောင်း ကိတ်မုန့်ကိုသာ ကြိတ်မှိတ်မျိုချရင်း ခြံထဲကို အိမ်ပေါ်မှ ခုံတစ်လုံးနဲ့ ထိုင်ကြည့်နေဖြစ်သည်။

သီးပင် စားပင်တွေအပြင် အပင်ကြီး တချို့ စိုက်ထားတဲ့ ခြံကြီးက ၂၀၁၈ မြေဈေးနှင့်သာ တွက်ရရင် တန်ကြေးနည်းမည် မဟုတ်။ မိုးမခမြိုင် အမည်ရှိတဲ့ အိမ်ကြီးက မြောင်းမြမြို့တွင် မြို့မျက်နှာဖုံးလို့ မပြောသာပေမဲ့ ချမ်းသာတဲ့ လူတန်းစားတွင်တော့ ပါပုံရသည်။ နားစွန်နားဖျား ကြားမိတာတော့ မူလရှင်းသန့်ရဲ့ အဘိုးက အင်္ဂလိပ်ခေတ်က အရေးပိုင်ဆိုလား။

ထားပါတော့ ...

ဒါလည်း သူ့အလုပ် မဟုတ်ပါပေ။

အရင်ဘဝ အကြောင်းတွေရော၊ အမေ့အကြောင်းတွေပါ

တောင်တောင်ဤဤ တွေးရင်း

မနေ့က ဖတ်မိသော သတင်းစာမှ

English- မြန်မာ ရောထားတဲ့တေးထပ် တစ်ပုဒ်က မျက်လုံးထဲ ပေါ်လာ

ပြန်တော့ ရှင်းသန့် ကာဖီသီးမတတ် ရယ်ချင်မိပြန်၏။

"I love you very much, hurry up ကြုံရှယ်သည်၊ စံစပယ် ဇင်ပန်း၊ rose ချစ်ပန်းခိုင်ကြူကို I want to kiss ဖို့ ဖေမှန်း၊ lady ကို ဖေ ရည်မှန်းပါလို့၊ နေခြည်သန်းအခါ၊ မပျော်ပြီ jolly ကင်းတာမို့၊ sorry ခြင်း ဖြစ်ရတော့သာ၊ letter က၊ ရက်များကြာလျှင်၊ ခက်ပြားမှာ you see တော့၊ beautiful လေးမျက်ရှင်၊ တွေးလျက်ထင်မြင်၊ now သင်းသင်း ပုလဲမျှင်ကို၊ marry ချင်စမ်းပါဘိလေး။ " တဲ့လေ ...

သဘောကျလွန်းလို့ အလွတ်တောင် ရနေမိတဲ့အထိ။

အဟက် ...

သူ့ခေတ်နဲ့ သူအခါတော့ လန်းနေတာပါပဲလေ။

"မမ ... ဘယ်သွားမလို့လဲ "

ဆင်ဝင်အောက်က ခြင်းတောင်းဆွဲကာ ထွက်လာသည့် အမျိုးသမီးငယ်က မူလရှင်းသန့်ရဲ့ အစ်မဝမ်းကွဲ တော်စပ်သူပါတဲ့။

မူလရှင်းသန့်က သူ့လို တစ်ဦးတည်းသောသား မဟုတ်ပါဘဲ အစ်မကြီး သုံးယောက်ရှိပြီး မုဆိုးမ မိခင်ကြီးနဲ့ နေထိုင်သူဖြစ်သည်။

သူ နိုးလာတဲ့ ၃ရက်အတွင်း ဒီအိမ်ကြီးတွင် အရင်းနှီးဆုံးဟု ပြောလို့ရတဲ့ အမျိုးသမီး လေးယောက်ထဲ မမ စန်းစန်းရီသည်လည်း အပါအဝင် ဖြစ်သည်။ သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့ မြန်မာဝတ်စုံ မိုးပြာရောင် ဖျော့ဖျော့နဲ့ မမလှလှက တနင်္ဂနွေ ရုပ်ရှင်တွေမှာ ပါတဲ့ မင်းသမီး ဒေါ်တင်တင်လှ လိုလို။

"သြော် ... ဈေးသွားမလို့။ အထွေးလေးရေ ... ဘာမှာချင်လို့လဲ "

အရှက်ကြီးပုံရတဲ့ ၂၀ရာစုခေတ် မမက ရှင်းသန့်ကြားအောင် အော်မိပြီးမှ

ဘေးပတ်ဝန်းကျင် ကို သတိရဟန်နှင့် ရှက်သွေးဖြာကာ ခေါင်းငုံ့သွားသည်။

ခေါ်ပြန်ပြီ။ အဲဒီ အထွေးလေး။

ကြည်လင်နေတဲ့ မူလရှင်းသန့်ရဲ့ မျက်နှာချောချောလေး ရုတ်ခြည်း မိုးပြို တော့မလို ဖြစ်သွားတယ်။

အငယ်ဆုံးသားလေးမို့ တစ်အိမ်လုံးက အစ်မတွေက ချစ်စနိုးနဲ့ အထွေး လေးလို့ ခေါ်ပါသတဲ့။

ရှင်းသန့်ကတော့ ထို "အထွေးလေး"လို့ သူတို့ တစ်ခါခေါ်တိုင်း လုံးရာက ပြားချင် သွားတာပဲ သိသည်။

ဟူး

ဒါပေမဲ့လည်း ...

ဖြစ်လာမှတော့ ရှေးယခင့် ယခင် Rebirth စီနီယာကြီးတွေ အတိုင်း မီးစဉ် ကြည့်ကရတော့မှာပဲလေ။

"သားလဲ လိုက်ချင်လို့"

မူလရှင်းသန့်က သူ့ကိုယ်သူ ကျွန်တော်လို့ သုံးနှုန်းတတ်ပေမဲ့ အခုရှင်း သန့် ကတော့ ရင်းနှီးလာတာနဲ့အမျှ သားဆိုတာ ပါးစပ်က မချဘဲ အချွဲချည်း တစ်လိုင်းမို့ သုံးလေးရက် အတွင်းမှာပင် တစ်အိမ်လုံးက အချစ်ပိုလာရ သည့် အထိ။

"အလိုတော် ... ထူးခြားပါပေ့။ အိမ်နဲ့ စာအုပ်ဆိုင်ကလွဲပြီး ဘယ်မှမထွက် တဲ့ မောင်မင်းကြီးသားလေးက စျေးလိုက်မယ် ဆိုပါလား "

ဘယ်အချိန်တည်းက နောက်မှာ ရောက်နေမှန်း မသိတဲ့ မမ နံ့ပါတ်တစ် က ရှင်းသန့်ဘေးကို ရောက်လာကာ အပြုံးတစ်ဝက်နှင့် ဆိုသည်။ အညို ရောင် ဝမ်းဆက်နှင့် သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းတတ်တဲ့ နံ့ပါတ်တစ်

မမကြီး မြင့်မြင့်ရယ် ကိုတော့ ရှင်းသန့် အနည်းငယ် ရှိန်သည်။

အသက် ကွာလွန်းတာကြောင့် သိပ်မရောရဲတာလည်း ပါမည်။

"အိမ်ထဲမှာချည်း နေရတာ ပျင်းလာလို့ပါ။ ပြီးတော့ သားဆံပင်လည်း ညှပ်ချင်လို့"

သွားလေးစိနေအောင် ရယ်ပြပြီး အင်နိုးစန့် လုပ်ပြလိုက်တဲ့ ရှင်းသန့်ကို မမကြီးက ချစ်စနိုး ဖြစ်သွားပုံရကာ တပြုံးပြုံးနှင့်။

"ဟုတ်တော့ ဟုတ်နေပါပြီ။ တစ်သက်လုံး အထိမခံတဲ့ ဆံပင်ကိုလည်း ညှပ်ဦးမတဲ့"

"စန်းရီရေ ... အဲဒါဆိုလည်း ကိုတင်မောင်ကို မခေါ်နဲ့တော့။ အထွေးလေးနဲ့ သွားချေ"

အိမ်ပေါ်က လှမ်းပြောတဲ့ မမကြီးကြောင့် မမ စန်းရီက ပျော်ရွှင်စွာ ခေါင်းညိတ်ပြပြီး ...

"ဟုတ်ကဲ့ပါ ... မမကြီး"

အလိုလိုက်တဲ့ အစ်မတွေနဲ့ လိုတိုင်းရနေတဲ့ ဘဝမှာ မူလရှင်းသန့် ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် အကြိမ်ပေါင်းများစွာ သတ်သေဖို့ ကြိုးစားခဲ့လဲ ဆိုတာ သူနားမလည်နိုင်ဖူး။

ဆွယ်တာ လက်ရှည်အောက်က တစ်စွန်းတစ်စ ပေါ်နေတဲ့ ဓားရာတွေကို အသာဖုံးရင်း ရှင်းသန့် သက်ပြင်းချမိသည်။

* * *

အိမ်နဲ့ ဖလမ်းလောက်ကွာတဲ့ မြို့စျေးကို ရှင်းသန့်နဲ့ မမ စကားပြောရင်း

လျှောက်လာ လိုက်တာ ဘယ်လို ရောက်လာမှန်းပင်မသိ။

ဈေးကတော့ ၂၀၁၈ ဈေးနဲ့ သိပ်ကွာလှတယ်မဟုတ်ပေ။ ပန်းတန်း၊ အထည်တန်းတွေနဲ့ ကုန်စိမ်းတန်းတွေက အကုန်သတ်သတ်စီ။

အထည်တန်းတွေ တစ်သီကြီးကို ဖြတ်ရင်း မမကလည်း ပြောချင်တာ ပြော၊ သူလဲ ၂၀ရာစုရဲ့ ကြော့ရှင်းတဲ့ မဒီလေးတွေကို မျက်လုံးကျွတ်မတတ် ငေးပြီး ခေါင်းတညိတ်ညိတ်နဲ့။

လျှပ်ပေါ်လော်လည်တာ မရှိပါဘဲ မြန်မာဝတ်စုံကိုသာ အံကိုက် ချုပ်ဝတ်ထားကြတာကြောင့် အထင်းသားပေါ်နေတဲ့ ကောက်ကြောင်း အချိုးအစားတွေက ရှင်းသန့်ကို ရေငတ်စေသည်။

ဒီခေတ်က မိန်းကလေးတွေ တကယ် ခါးသေးကြတာပဲ။

"ဟယ် ... ဒါဘယ်သူလေးလဲ မှတ်တယ်။ ရှင်းသန့်မလား "

"ခင်ဗျာ ... ဟို ... ဟုတ်"

ရုတ်တရက် လက်ကို လာဆွဲပြီး နှုတ်ဆက်တဲ့ အဒေါ်ကြီး။ ရွှေတွဲလွဲ၊ ငွေတွဲလွဲနှင့်မို့ ရှူးချင်ယောင် ဆောင်နေလို့ မဖြစ်လေတော့ အပြုံးချိုချိုလေးနဲ့ပဲ ပြန်နှုတ်ဆက်လိုက်သည်။

"ဆယ်တန်း အောင်စာရင်း ထွက်ပြီးတည်းက ပျောက်နေလိုက်တာ ဆိုတာ"

ထင်းထင်းဆွဲထားတဲ့ အဒေါ်ကြီးရဲ့ မျက်ခုံးမွေး နှစ်ဖက်ပေါ် အာရုံရောက်နေတာနဲ့ သူ အဒေါ်ကြီး ဘာပြောလိုက်မှန်း သေချာ မကြားလိုက်တာကြောင့် မမကို စစ်ကူတောင်းသလို လှမ်းကြည့်ရင်း

"ခင်ဗျာ ... ဟို"

"ဟိုရက်က ဒေါ်ဒေါ်တူပေါ့။ လေကားပေါ်က ပြုတ်ကျပြီး သတိမေ့သွား

တာ ... အတော် ကြာကြာရယ်လေ။ မသေကောင်း မပျောက်ကောင်းလို့"

"ဟယ် ... ဟုတ်လား အိုကွယ် ... မထိတ်သာ မလန့်သာ ရှိလိုက်တာ ... အခုရော နေကောင်းသွား ပြီလား သက်သာရဲ့လား "

မူလရှင်းသန့်ရဲ့ မှတ်ဉာဏ်ထဲမှာ အဒေါ်ကြီးနဲ့ စကားပြောဖူးတဲ့ ပုံရိပ်တွေကို ပြန်မြင်ယောင် ပေမဲ့ ဘယ်သူတွေလဲတော့ အတိအကျ မမှတ်မိတာကြောင့် အိုးနင်းခွက်နင်း နှင့်သာ ပြောသမျှ "ဟုတ်ကဲ့" နေလိုက်သည်။

"ဒေါ်ထိပ်တင်ကြီး တို့များတော့ ကံကောင်းပါပေ့တော်။ တစ်ဦးတည်းပါတဲ့ သားလေးက ဆယ်တန်းကို နှစ်ချင်းပေါက် တန်းအောင်တော့"

"မင့်သူငယ်ချင်း ကျော်ထူး တစ်ယောက်ရယ်တော့ ဒေါ်ဒေါ်က သူ့အဖေရုံးမှာပဲ ထည့်လိုက်တော့မလားလို့"

"ဒါလည်း ကောင်းပါတယ်။ အရေးအခင်းတွေက ခဏခဏ ဖြစ်နေတော့ ဒေသကောလိပ် ပို့ရမှာလဲ စိတ်မချလှဘူး"

အဒေါ်ကြီးပြောတဲ့ နာမည်တွေနဲ့ အရေးအခင်းတွေကြား ခေါင်းတွေ အလိုလိုနေရင်း ချာချာလည်ချင်လာမိတယ်။

"ဒေါ်ဒေါ်ရေ ... နောက်တစ်ပတ် ကျွန်မတို့ မိသားစု စုပေါင်းကထိန် လှည့်မယ်နော်။ ကြွခဲ့ပါဦး"

မနည်း စကားစ ဝင်ဖြတ်ပေးတဲ့ မမကို ထိုင်တောင် ကန်တော့ချင်တယ်။

အဒေါ်ကြီးနဲ့ လမ်းခွဲပြီး ထွက်လာတော့မှ နားလေး အတော်ချမ်းသာရာ ရသွားရှာသည်။

"ဒေါ်ဒေါ်နွဲ့က မောင်လေးသူငယ်ချင်း ကျော်ထူးအမေလေ။ စကားများပေမဲ့ သဘောတော့ ကောင်းပါတယ်"

မှတ်ဉာဏ်ခဏ ပျောက်နေတာလို့ သိထားတဲ့ မမက သူ့ကို စိတ်ရှည်

လက်ရှည် ရှင်းပြတယ်။

"ကဲ ... ဆံပင်ညှပ်ဆိုင်ရောက်ပြီ။ ဒီနေ့ စောစောဖွင့်တယ် ထင်တယ်။ မမ ဈေးသွား ဝယ်လိုက်မယ်။ အပြန်ကျ ဝင်ခေါ်မယ်နော်"

လက်ထဲ ဗိုလ်ချုပ်ပုံ တစ်ကျပ်တန် တစ်ရွက်ထည့်ပြီး သုတ်သုတ် သုတ်သုတ်နဲ့ ထွက်သွားတဲ့ မမကျောပြင်ကို ကြည့်ပြီး သူယောင်တောင် တောင်နဲ့ ကျန်ခဲ့တယ်။

* * *

ဆိုင်ထဲ ဝင်ဝင်ချင်းမှာပင် တစ်ဆိုင်လုံးအပြည့် ကပ်ထားတဲ့ ရေကူးဝတ်စုံ ဝတ် နိုင်ငံခြား မော်ဒယ်ပုံတွေကို ကြည့်ပြီး သူ့မေးရိုးက အောက်ကို ဂွက်ခနဲ ပြုတ်ကျသည်။

ငါ ဝင်လာတာ ဆံပင်ညှပ်ဆိုင်ဟုတ်ရဲ့လား ...

* * *

"အို ... ... မောင်လေး ... မမက လူတောင်မှားတယ်"

ဆိုင်ထဲက ထွက်လာတဲ့ သူ့ကို မျက်လုံး အဝိုင်းသားနဲ့ ကြည့်နေရှာတဲ့မမ။ မူလရှင်းသန့်ရဲ့ ကုပ်ထောက်တဲ့ ဆံပင်ကြောင့် မိန်းကလေးဆန်တဲ့ မျက်နှာ နဲ့ပေါင်းရင် နွဲ့တဲ့တဲ့ ဖြစ်နေပေမဲ့ ယခု ရှင်းသန့်ကတော့ နုပျိုတဲ့ မျက်နှာနဲ့ ယောကျ်ားလေး ဆန်ဆန် ချောမောနေသည်။

လျှပ်စစ် ရှိတ်ထိုးတဲ့ စက်တွေမပေါ်သေးတဲ့ ခေတ်ကာလမှာ

စက်ကတ်ကြေးနဲ့ အနောက်ကို အမြင့်ရှိတ်ထိုး၊ ရှေ့ဆံပင်ကို အုပ်အုပ်ဖြစ်အောင် ဆံပင်ညှပ်ဆရာကို အာပေါက်မတတ် ဆရာကြီး လုပ်ခဲ့ရတဲ့ ဆံပင်စတိုင်မှာ မမမှ မဟုတ်။ ဆိုင်ရှေ့က ဖြတ်သွားတဲ့ သူတိုင်း နှစ်ခါပြန် မကြည့်ဘဲ မနေနိုင်။

မူလရှင်းသန့်ရဲ့ ဖြောင့်စင်းပြီး ပျော့အိတဲ့ ဆံပင်သား ထူထူက သူ့အတွက်တော့ ဖစ်ဆိုက် အံကိုက်။

အဟင်း ... ပါးစပ်နဲ့ ညွှန်ကြားရေးမှူး လုပ်တဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် ဘဝင်တောင် မြင့်ချင်သွားပြီ ...

"ဩော် ... ရီလေး မောင်လေးလား ကိုစိုးက မသိလို့။ နို့မို့ ညှပ်ခတောင် မယူပါဘူး"

ဆိုင်ထဲက အသည်းအသန် ပြေးထွက်လာတဲ့ ဆံပင်ညှပ် ဆရာကြီးက ခုနက သူ့ကို ညှပ်ပေးတုန်းက မျက်နှာအိုကြီးနဲ့ တခြားစီ။ လန်းဆန်းတက်ကြွကာ ဆားပက်ခံရသည့် တီကောင်နှယ် ဖျတ်ဖျတ်လူးလို့။

"မမ နေတောင် မနည်းပူလာပြီ။ ပြန်မယ်လေ"

မမဘေးက ဈေးခြင်းကို ဆတ်ခနဲ ဆွဲကာ မှင်သေသေနဲ့ ပြောလိုက်တော့ အကြည့်စိမ်းတွေနဲ့ ဖျတ်ခနဲ ရှိုးလာတဲ့ ငနဲကြီးခမျာ ပါးစပ်နား ရောက်ခါနီးမှ အစာဖြုတ်လုခံလိုက်ရတဲ့ အတိုင်း။

ဆောရီးပဲ ... ။ ခင်ဗျား မျက်လုံး ဗိုက်အားတွေကို ကျွန်တော့် ခန္ဓာကိုယ်ပိုင်ရှင်လေးရဲ့ အစ်မပေါ် ကြာကြာ အပို့ လွှတ်မခံနိုင်ဘူး။

"အင်း ... ပြန်မယ်လေ။ အရီ တို့ကို ခွင့်ပြုပါဦးနော်"

မမ ဈေးခြင်းတောင်းကို ကူဆွဲပေးရင်း ရှင်းသန့် မြောက်ကြွကြွနှင့် ရှေ့က ထွက်လာလိုက်သည်။

* * *

"မမ ... သား အရင်က ဆိုးလား "

နေရောင်ပွင့်လာပေမဲ့ မြူတွေ ရစ်ဆိုင်းနေတဲ့ လမ်းမှာ မြို့ဟာ စတင် အသက်ဝင်လာတယ်။

မမကပါးစပ်နဲ့ ဈေးစာရင်း တွက်နေရင်းက သူ့ကို အထူးအဆန်းလို လှည့်ကြည့်ပြီး ခေါင်းခါကာ ...

"ဆိုးစရာလား ဆံပင်ညှပ်ခိုင်းရင် မညှပ်တာကလွဲလို့၊ ကျောင်းက ပြန်လာပြီ ဆိုတာနဲ့ အိမ်ထဲက အိမ်ပြင် လွှတ်မရတာက လွဲလို့၊ မောင်လေးက အရမ်းလိမ္မာတာ"

လမ်းမပေါ် အဖြူအစိမ်းဝတ် ကျောင်းသူ ကျောင်းသားတွေက သူ့အုပ်စုနဲ့ သူ အလျှိုလျှို ထွက်လာကြတာကို ငေးကြည့်ရင်း သူ့အာရုံတွေ ရှုပ်ထွေးလာသည်။

အခြောက် ...

နာမည်ကိုတည်းက မိန်းမနာမည်ကြီးဟာ ...

ဟိတ် ... ရှင်းလေး ... ပုဆိုးဝတ်ထားတာလား ထဘီ ဝတ်ထားတာလား

အလကား ... စာတော်တာက လွဲပြီး သုံးစားမရတဲ့ ပိုးဟပ်ဖြူ

အဆက်မပြတ် ထပ်လာတဲ့ ပုံရိပ်တွေက အပိုင်းပိုင်း ပြတ်လျက်။

"အ ... "

ထိုးကိုက်လာတဲ့ ခေါင်းကို ဖိပြီး သူထိုင်ချလိုက်မိတော့ ...

"မောင်လေး ... မောင်လေး ... အဆင်ပြေလား ခေါင်းကိုက်နေပြန်ပြီလား "

ဘေးမှာ အတူထိုင်ချပြီး စိုးရိမ်တကြီး မေးနေတဲ့ မမကို ပြန်ဖြေဖို့ ပါးစပ်ဟလိုက်ပေမဲ့ နားထဲ တဝီဝီ လေတိုးသံတွေသာ ကြားလာရပြီး ချွေးစေးတို့ ပြန်ကာ မွန်းကျပ်လာသည်။

ဘာလဲ ... ငါဘာတွေဖြစ်နေတာလဲ။

* * *

## အခန်း( ၃ )
## ခင်ဗျားက ဘာလဲ

"မေမေ"

နက်ပြာရောင် ခုတင်ပေါ် နွမ်းနယ်စွာ အိပ်ပျော်နေတဲ့ မေမေက ရင်ခွင်ထဲမှာ သူ့ဓာတ်ပုံပေါင်ကို တင်းတင်းပိုက်လို့။ ဓာတ်ပုံရိုက်ရတာ မကြိုက်တဲ့ သူက ဓာတ်ပုံထဲမှာ ဘွဲ့ဝတ်စုံနဲ့ မျက်နှာက ရှုတည်တည်ရယ်။

ဂိမ်းခွေတွေ ပြန့်ကျဲနေတဲ့ သူ့အခန်းက နောက်ဆုံးရှိခဲ့တုန်းက အတိုင်းပင်။ အဖေမရှိတဲ့ ဘဝမှာ ငယ်စဉ်တည်းက မေမေသည်သာ မိဘနှစ်ပါးလုံးနေရာက တာဝန်ယူခဲ့တာ ဖြစ်သည်မို့ မေမေ ယခု ဘယ်လောက်ထိ ခံစားနေရမည်မှန်း သူနားလည်သည်။

"မေမေ"

ဒုတိယမ္ပိ ရှင်းသန့်ခေါ်သံအဆုံးမှာ ဖြည်းဖြည်းချင်း ပွင့်လာတဲ့ မေမေ့ မျက်လုံးတွေနဲ့ အတူ ...

"သားလေး ... ရှင်း"

မျက်ရည်တို့ ရစ်ဝိုင်းနေသည့် မေမေ့မျက်ဝန်းတွေက ဘယ်နှကြိမ်လောက် ငိုထားသည် မသိနိုင်လောက်အောင် မို့အစ်နေသည်။

"ရှင်း ... သားလေး"

"မေမေ"

သူရှိရာထံ မေမေ လက်လှမ်းလာသည့် အခိုက်မှာပင် မှောင်မည်း ကျသွားသည့် မြင်ကွင်းတွေနဲ့အတူ သူ့တစ်ကိုယ်လုံး တစ်နေရာကို လွင့်စဉ်သွားသလို ခံစားလိုက်ရကာ

"ဟင်"

ရုတ်တရက် သူပြန်ရောက်သွားသည်က မိုးမခမြိုင် စံအိမ်ထဲမှ အိမ်ခန်းတစ်ခန်း ဖြစ်ပြီး တိတိကျကျ ဆိုရသော် မူလရှင်းသန့်၏ အခန်းဖြစ်သည်။ အခန်းထဲတွင် မူလရှင်းသန့်က စာရေးစားပွဲခုံတွင် ထိုင်လျက် စာရေးနေပြီး သူ့ကို မြင်ဟန်မတူပေ။

အပြုံး အရိ မရှိတဲ့ မျက်နှာနုနုက မှိုင်းညို့နေကာ လက်ဖျံတွင် တစက်စက်ကျနေတဲ့ သွေးစက်တွေကို မသိသလို ပုံမှန်အတိုင်း စာရေးနေတဲ့ မူလရှင်းသန့်က သွေးအေးလွန်းလှသည်။

သူ မူလ ရှင်းသန့်ရှိရာကို ဖြည်းဖြည်းချင်း တိုးသွားလိုက်တယ်။ စာရေးနေရင်း နှုတ်ခမ်း ကလည်း တစ်စုံတစ်ခုကို အဆက်မပြတ် ရေရွတ်နေတဲ့ မူလရှင်းသန့်က အသိစိတ် လွတ်နေသလိုပဲ။

"ကိုကို "

"ကိုကို "

"ကိုကို"

ဘာလဲ ဘယ်က ကိုကိုလဲ

နားမလည်စွာ ရေရွတ်ရင်း သူမူလ ရှင်းသန့်ဘေးနားမှာ ရပ်နေမိတယ်။

* * *

"ဘာလဲဟ"

ခုတင် အောက်ခြင်းထဲက ရှာတွေ့တဲ့ လယ်သာအဖုံးနဲ့ စာအုပ်ကို ဖွင့်ဖွင့်ချင်း ပထမဆုံး စာမျက်နှာတွင် တွေ့ရသည်က ဝိုင်းစက်စက် လက်ရေးနဲ့ ရေးထားတဲ့ "ကိုကို"တဲ့လေ။

မနေ့ညက အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ မူလ ရှင်းသန့်ရေးနေတဲ့ စာအုပ်က ဒီစာအုပ် ဖြစ်ရမယ်။

စာအုပ်ကို ကျကျနန ခုတင်ပေါ်တင်ကာ နောက်တစ်ရွက်ကို စိတ်ဝင်စားစွာ ဆက်လှန် လိုက်တော့ ...

"ကိုကို့ မျက်လုံးတွေက လှတယ်"

ဟမ် ဘာလား  စာရွက် တစ်မျက်နှာလုံးကို ဒါပဲလား နောက်တစ်ရွက်ကို လှန်လိုက်တော့ ခပ်သော့သော့ ရေးထားတဲ့ လက်ရေးတွေက ရေစိုထား၍ထင်။ မှင်အနည်းငယ် ပျက်ယွင်းနေပေမဲ့ ဖတ်လို့တော့ ရသေးသည်။

သူနောက် တစ်ရွက်ပြီး တစ်ရွက် စိတ်ဝင်စားစွာ ဆက်တိုက်လှန်ပြီး ဖတ်နေစဉ် ...

"အထွေးလေးရေ  ... အစ်မက မောင်လေးကို ကောလိပ်တက်ရင် ဝတ်ဖို့ အဝတ်တွေ ဒေါ်နန်းဆိုင်မှာ မှာထားတယ်။ သွားရွေးကြည့်လိုက်ဦးတဲ့"

အခန်းထဲ ဝင်လာတဲ့ မမကြီးကြောင့် ရှင်းသန့် စာအုပ်ကို ဆတ်ခနဲ ပိတ်ကာ ခေါင်းအုံးအောက်ထဲ အသာထိုးထည့်လိုက်ပြီး ထရပ်လိုက်၏။

"ဟုတ်"

နောက်ဆံမတင်းစွာ ခေါင်းအုံးကို မျက်လုံးထောင့်မှ တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ သူမ မကြီးနောက်ကို လိုက်သွားလိုက်သည်။

* * *

"အစ်မက ဘာလို့ ဒီလောက် အများကြီး မှာထားတာလဲ မသိဘူး။ ပုံတွေကလည်း ဘာမှ သိပ်ကွာတာလည်း မဟုတ်ဘဲနဲ့"

အင်္ကျီနဲ့ ပုဆိုး၊ တိုက်ပုံတွေ ထည့်ထားတဲ့ စက္ကူအိတ်တွေကို ပိုက်ရင်း ရှင်းသန့်မျက်နှာက မဲ့ချင်လာတယ်။

အထည်ဆိုင် ပိုင်ရှင်နဲ့ စကားစမပြတ်သေးတဲ့ မမကြီးကို စောင့်ရင်း မူလရှင်းသန့်ရဲ့ ဒိုင်ယာရီ အကြောင်း ပြန်စဉ်းစားမိတော့ သက်ပြင်း လေးလေးချမိသည်။

တကယ်တမ်းကျ ဒီဘက်ခေတ်ကာလမှာ ၂၁ရာစုလို ယောကျ်ား လေး၂ယောက် ပူးကပ်တာ မြင်ရင် သဘောကျတတ်တဲ့ မိန်းကလေးတွေ တစ်အုပ်လည်း မရှိတဲ့အပြင် လိင်တူဆိုတာနဲ့ အခြောက်လို့ တွင်တွင်သုံးပြီး လှောင်နေကြတဲ့ အချိန်မှာ မူလရှင်းသန့်က ယောကျ်ား တစ်ယောက်ကို သဘောကျသတဲ့။

မကြာခဏ လှီးဖြတ်ထားပုံရတဲ့ လက်ဖျံက ဓားဒဏ်ရာတွေက ထို ယောကျ်ားနဲ့များ သက်ဆိုင်နေမလား ... လှေကားပေါ်က ပြုတ်ကျတယ် ဆိုတာကရော သွေးရိုးသားရိုး ဖြစ်နိုင်ပါ့မလား

အရင်ဘဝမှာ တစ်ဘဝလုံး ရိုးရိုးရှင်းရှင်းနဲ့ပဲ သာမန် ယောကျ်ားလေးတွေလို ဘောလုံးပွဲ ကြည့်ရင်း ဂိမ်းဆော့ရင်း ဖြတ်သန်းလာတဲ့ သူ့အဖို့ဒီ ကိစ္စက ထင်သလောက် ရိုးရှင်းမနေပြန်ဘူး။

မူလရှင်းသန့်ရဲ့ လက်ရှိအသက်က သူ့ထက် ၅နှစ်လောက် ငယ်ပေမဲ့ မူလရှင်းသန့် ရင်ဆိုင်ခဲ့ရတဲ့ ပြဿနာတွေက သူ့ထက်ပင် များသေးပုံရသည်။

"ဒုတ်"

ခြေထောက်ကို လာထိတဲ့ အထိအတွေ့ကြောင့် သူငုံ့ကြည့်လိုက်တော့ သံပတ်ကား ပန်းရောင်လေးက သူ့ခြေထောက်ထိပ်မှာ ရပ်ကာ ဘီးလည်နေဆဲ။

"I'm sorry ... mr"

အသံလာရာကို ကြည့်လိုက်တော့ အသက်ဖြနှစ် ၇နှစ်လောက် ရှိမည့် ကလေးမလေး တစ်ယောက်။

အင်္ဂလိပ် လေယူလေသိမ်း ပီပီသသနဲ့ ပြောတဲ့ ကလေးမလေးက မျက်လုံးပြာလေးတွေ အရောင်တောက်ကာ သူ့ကို မော့ကြည့်နေတော့ ခေါင်းညိတ်ပြလိုက်ကာ

"It's okay ... dear"

ရွှေအိုရောင် ကုပ်ထိ ဆံပင်လေးကို တစ်ဖက်တစ်ချက်စီ ကလစ်လေးနဲ့ နှိပ်ထားတဲ့ ဘိုမရုပ်လေးက ကြိုးသိုင်း ဂါဝန်နက်ပြာလေးနဲ့ ရှူးဖိနပ် အမည်းလေးကို ခြေအိတ်အဖြူနဲ့ တွဲဝတ်ထားတော့ ပြတိုက်ထဲက ခုန်ထွက်လာတာနှင့်ပင် တူနေသေးသည်။ ထိုစဉ်

"Anna"

မလှမ်းမကမ်းမှ လှမ်းခေါ်သည့် ဩရှသည့် ယောက်ျားသံ ထွက်လာတာနှင့် တစ်ပြိုင်နက်

"I'm coming ... Dad"

ရှင်းသန့် ခြေထောက်နားက ကားလေးကို ယူပြီး အပြေး ပြန်ထွက်သွားတဲ့ ကလေးမလေး နောက်ကို ဘာရယ်မဟုတ်။ ဒီတိုင်း လိုက်ကြည့်မိတော့ အနက်ရောင် ဇိမ်ခံကားနားမှာ ရပ်စောင့်နေတဲ့ သက်လတ်ပိုင်းအရွယ်

အမျိုးသား တစ်ယောက်ကို တွေ့ရသည်။

ဘေးသိမ်း နောက်လှန်ထားတဲ့ ရွှေအိုရောင် ဆံပင်တွေနဲ့ မြင့်မားတဲ့ အရပ်ကြောင့် လူကြားထဲ ထင်းနေတဲ့ အနီအမျိုးသားက အများသူငါတွေလိုပဲ။ ခါးပေါ် တက်ဝတ်ထားတဲ့ ကချင်ပုဆိုးနဲ့ ရှပ်အင်္ကျီလက်တိုပဲ ဝတ်ထားသည့်တိုင် သလင်းကျောက်လို အသားရောင်က နေရောင်အောက်မှာ လင်းနေတာကို ခပ်လှမ်းလှမ်းက နေတောင် မြင်နေရတယ်။

ဈေးထိပ်မှာမို့ ပျိုပျိုအိုအို တွေငေးနေကြတာ ကြိုက်မရှက်၊ ငိုက်မရှက် ဆိုတဲ့အတိုင်း။ ၂၀ရာစုက မိန်းကလေးတွေ အရှက်ကြီးတယ် ဆိုတဲ့ စကားကို သူပြန်ရုပ်သိမ်းလိုက်မိတယ်။

မိန်းမတွေက ဘယ်ခေတ်ဖြစ်ဖြစ် အကုန်တူတူပဲ။

ပိုပွင့်လင်းသွားတာနဲ့ မပွင့်လင်းရဲသေးတာပဲ ရှိတယ်။

သူ့သမီး ကလေးမလေးကို ကားပေါ်တက်စေပြီး မောင်းထွက်သွားတဲ့အထိ အကုန်လုံးက တမေ့တမော ငေးနေကြဆဲ။

သူလည်း အပါအဝင်ပေ့ါ။

ထူးဆန်းတယ်။

အဲဒီဘဲကြီးကို မြင်တဲ့အချိန်မှာ တဒိန်းဒိန်း မြည်နေတဲ့ ရင်ခုန်သံတွေက ခုချိန်ထိ အခုမရပ်သေး။

ရင်းနှီးနေတယ်လို့ ခံစားရပေမဲ့လည်း တကယ်တမ်းကျ အလှမ်းဝေးသလို ခံစားချက်ကြီး။

ခင်ဗျားက ဘာလဲ

ဘဲကြီး ...

* * *

## အခန်း ( ၄ )
## အသိတွေလား

"ခွေးမရေ ... စောမြရေ ... ဒီမှာ ဟင်းရည်ကုန်နေပြီ ။ လုပ်ပါဦးဟဲ့"

အိမ်ရှေ့က တစာစာအော်နေတဲ့ မမငယ်ရဲ့ အော်သံက နောက်ဖေးမီးဖိုခန်း ထဲထိ ပျံ့လွင့်လာတယ်။

"သွားပါ ... အစ်ကိုလေးရယ် ... ကျွန်မလုပ်လိုက်ပါ့မယ်"

အိမ်အပြင်ဘက် ရေကန်ဘေးမှာ ခွေးခြေပုနဲ့ ထိုင်ပြီး အကြိတ်အနယ် ပန်းကန်ဆေးနေတဲ့ ရှင်းသန့်နားမှာ စောမြက ရှေ့ပြေးရမလို နောက်ပြေးရ မလိုနဲ့ ရပ်နေရှာတယ်။ အသက်အရဆို ရှင်းသန့်ထက် ကြီးလောက်မယ့် စောမြက ငယ်ငယ်တည်းက ရွာက ခေါ်လာတဲ့ ဆွေမျိုးဝေးဝေး တော်သူ တစ်ယောက်ပေမဲ့ တရိုတသေ အစ်ကိုလေးဟုသာ ခေါ်တတ်သည်။

"ရပါတယ်။ မစောရယ် ...။ ဟိုမှာ အိမ်ရှေ့က မမငယ်ခေါ်နေပြီ။ ဟင်းရည် သာ သွားထည့်ပေးလိုက်"

ကာဘော်လစ်ဆပ်ပြာနဲ့ ပွတ်ပြီးသား ပန်းကန်တွေကို ရေအသန့်ပုံးထဲ ထည့်ဆေးရင်း ရှင်းသန့် အပြုံးတစ်ဝက်နဲ့ ပြောတော့ စောမြခမျာ စိတ်ညစ် ညစ်နဲ့ ဖွတ်မီးကျစ်ထားတဲ့ ဆံပင်တွေကို ဆွဲလိမ်နေမိတယ်။

"ပြီးရင် အရီးက ကျွန်မတို့ကို ပြောတော့မှာတော့။ သူ့သားကို ခိုင်းလို့ဆို ပြီး"

သနပ်ခါးပါးကွက်တုံး ကွက်ထားတဲ့ စောမြမျက်နှာက စိုးရိမ်ရိပ်တွေ အတိုင်းသားကို မြင်တော့ သူ ရယ်လိုက်မိတယ်။

"ပြောရင် ကျွန်တော် တာဝန်ယူတယ်ဗျာ"

"ကျွန်တော်မှ မဆေးရင် ဘယ်လိုလုပ်မလဲ အိမ်မှာ လူကူမှမရှိတာကို...။ ကိုကြီးဖေတို့က ၁ဂလမ်းထဲ မုန့်ဖတ် သွားယူနေတယ်လေ ...။ ကျန်တဲ့ လူတွေကလည်း ဘုန်းကြီးကျောင်းမှာ လှူဖွယ်တွေ သွားပို့နေတာ မဟုတ်လား "

သူဒီလောက် ရှင်းပြနေတာတောင် စောမြက ပေကတ်ကတ်နဲ့ လှည့်ကြည့် လှည့်ကြည့် လုပ်နေသေးတယ်။

"စိတ်မပူပါနဲ့ ... သွားပါဆို ... ကျွန်တော် ကိုကြီးဖေ ပြန်လာရင် ရပ်လိုက်မယ်"

ရပ်လိုက်မယ် ဆိုကာမှ စိတ်ချလက်ချ နောက်ဖေး မီးဖိုချောင်ထဲ ဝင်သွားတဲ့ စောမြကို ကြည့်ပြီး ရှင်းသန့်ခေါင်းခါမိတယ်။

မနက်ပိုင်း ဘုန်းကြီးကို ကထိန်သင်္ကန်း ကပ်ပြီးတည်းက မလဲရသေးတဲ့ ရှပ်အင်္ကျီ အဖြူလက်ရှည်ကို လက်ပင့်တင်ပြီး အားရပါးရ ပန်းကန်ဆေးနေတဲ့ ရှင်းသန့် ခုချိန်ထိ အိမ်ရှေ့ကို မထွက်ရသေး။

ကထိန်သင်္ကန်း ကပ်သည့်အပြင် အိမ်မှာလည်း ရင်းနှီးသူတွေကို မုန့်ဟင်းခါး ကျွေးတာကြောင့် တစ်အိမ်လုံး အလုပ်များနေကြသည်မို့ သူ့လဲ အထူးတလည်တော့ လာရှာမနေကြပေ။

မန်ကျည်းပင်ရိပ်အောက်မှာ လေလေးတဖြူးဖြူးနဲ့ အေးအေးဆေးဆေး ပန်းကန်ဆေး နေတုန်း ...

"Hey mr ... are you "

အသံလာရာကို လှမ်းကြည့်တော့ မီးဖိုချောင်ကနေ ခြံထဲထွက်တဲ့ တံခါးဝမှာ ရပ်နေတဲ့ ဘိုမရုပ်လေး။ မြန်မာဝတ်စုံ ပန်းရောင်ဖျော့ဖျော့လေး ဝတ်ထားပြီး ရွှေအိုရောင် ဆံပင်တွေကို နှစ်ဖက်ခွဲ ကျစ်ဆံမြီး ကျစ်ထားသည့်တိုင် ပြာလဲ့နေတဲ့ မျက်လုံးတွေနဲ့ ပန်းရောင်သန်းအောင် ဖြူဥနေသည့် အသားရောင်ကြောင့် ကော်ပတ်ရုပ်လေးနဲ့ တူနေဆဲ။

ရုတ်တရက်ကြီး အင်္ဂလိပ်လို ပြန်ပြောဖို့ကျ အနည်းငယ် အိုးတိုးအတ ဖြစ်နေတာနဲ့ သူကလေးမလေးကို ကြောင်ကြည့်နေမိတော့

"မင်္ဂလာပါ ... အန်နာ့ နာမည် ရွှေသမီးပါ ... ။ အန်နာလို့လည်း ခေါ်ပါတယ်"

မပီကလာ ပီကလာ အသံလေးနဲ့ ကလေးမလေးက စနှုတ်ဆက်တော့မှ သူရှက်ရှက်နဲ့ ခေါင်းညိတ်ပြမိတယ်။

" မင်္ဂလာပါ ... ဦးနာမည်က ရှင်းသန့်"

ရေအသစ်ပုံးထဲက ပန်းကန်လုံးတွေကို ထုတ်ကာ လက်စသတ်လိုက်ပြီး သူထိုင်ထမှ ထရပ်လိုက်တော့ ကလေးမလေးက ပုံတော်ဖိနပ်က ခြူသံလေး တလွင်လွင်နဲ့ သူရှိရာကို ပြေးလာတယ်။

" ဦးဦး ဘာလုပ်နေတာလဲဟင် "

"ပန်းကန်ဆေးနေတာလေ ... သမီးရဲ့။ နည်းနည်းဖယ် ... ။ ဦး ပန်းကန်တွေ အထဲ ပို့ပေးလိုက်ဦးမယ်"

ပုဆိုး ကပျာကယာလေး ပြင်ဝတ်ပြီး နောက်ဖေးမီးဖိုအုတ်ခုံပေါ် ပန်းကန်တွေ တင်ပေးဖို့ သွားတော့ ကလေးမလေးက နောက်က တကောက်ကောက်ပါလာပြီး

"အန်နာက ဖေဖေနဲ့လာတာ"

"အဘွားလေးလည်း ပါတယ်"

"အဘွားလေးနဲ့ ဖေဖေက အိမ်ရှေ့မှာ။ အန်နာက ပျင်းလို့ နောက်ဖေး ထွက်လာတာ"

ကလေးတွေ ဘာသိဘာဝအတိုင်း ရိုက်မစစ်ပဲ အစဆုံး ပြောပြနေတဲ့ ကလေးမလေး စကားကို ခေါင်းညိတ် နားထောင်ပေးရင်း သူပန်းကန်တွေကို အဝတ်သန့်နဲ့ သုတ်နေလိုက်တယ်။ အကုန်လုံး ရှေ့ရောက် နေကြတာ ကြောင့်ထင်။ ကျယ်ဝန်းတဲ့ မီးဖိုခန်းကြီးထဲမှာ ရှင်းသန့်ရယ် ကလေးမလေး ရယ် နဲ့ အတူ အငွေ့ တလူလူ ထွက်နေတဲ့ မုန့်ဟင်းခါး ဟင်းရည်အိုးကြီး သာ။

"ဦးဦး အန်နာ အိုးဘဲဥ စားချင်တယ်"

ဧရာဝတီတိုင်းပေမို့ ငါးများများနဲ့ ချက်ထားတဲ့ မုန့်ဟင်းခါး ဟင်းရည်အိုးကြီးထဲမှ မြုပ်ချည်ပေါ်ချည် ဖြစ်နေတဲ့ အိုးဘဲဥတွေကို လက်တစ်ဖက်က လက်ညှိုးညွှန်ပြတဲ့ ကလေးမလေးက ကျန်တစ်ဖက်နဲ့ သူ့အင်္ကျီစကို လာဆွဲပြီး ပြောတယ်။ သုတ်ပြီးသား ပန်းကန်တွေကို သေသေချာချာ ထပ်လိုက်ပြီးမှ

သူ ကလေးမလေးဘက်ကို လှည့်ကာ ...

"လိုချင်တာမှန်သမျှ ရ ရပါစေ့မယ်ဗျာ"

ဟင်းရည်အိုးကို မွှေလိုက်ကာ ပန်းကန်တစ်လုံးယူပြီး အိုးဘဲဥတစ်လုံးနဲ့ ဟင်းရည်နည်းနည်း ထည့်ပေးနေတဲ့ သူ့ကို ကလေးမလေးက စိတ်ဝင်တစားနဲ့ ရပ်ကြည့်နေတယ်။

"ကဲ ... အိမ်ရှေ့ကို သယ်သွားမှာမလား ဦးဦးပို့ပေးမယ် ... လာ"

"ဟင့်အင်း။ အန်နာ နောက်မှာပဲ စားမယ်"

ပွဲပြင်ဖို့ အချိုမုန့်တွေအပြင် အကြော်တွေနဲ့ အချဉ်၊ ငရုတ်သီးမှုန့်ထုပ်တွေ တင်ထားတဲ့ ထမင်းစားပွဲခုံမှာ မရရအောင် ဝင်ထိုင်ပြီးစားဖို့ ပြင်နေတဲ့ ကလေးမလေးက ခပ်တည်တည်ပင်။

"သဘော ... "

လိမ္မာမယ့် ရုပ်လေးပေါက်ပေမဲ့ ခေါင်းမာပုံရတဲ့ ကလေးမလေးနဲ့ ဖက်ပြိုင်မပြောတော့ဘဲ သူပန်းကန်ကို ကလေးမလေးရှေ့ ချပေးလိုက်တယ်။ သူကတော့ လုပ်စရာရှိတဲ့ အလုပ်သေးလေးတွေ ဆက်လုပ်ပေ့ါ။

"မီးတောင် ကုန်တော့မှာပဲ"

ဟင်းရည်အိုးအောက်က မီးဖိုကြီးထဲ ထင်းစည်းနဲ့ မီးသွေးအနည်းငယ် ထပ်ထည့်လိုက်ပြီး ယပ်တောင်နဲ့ ခတ်ပေးလိုက်တော့ တရိပ်ရိပ် ပြန်တက်လာတဲ့ မီးညွန့်တွေက တဖျစ်ဖျစ် မြည်သံပေးလို့။

ရယ်စရာတော့ ကောင်းတယ် ...။ အရင်မေမေနဲ့ နေတုန်းက ပေါင်းအိုးနဲ့ ထမင်းချက်ရမှာတောင် ပျင်းတဲ့ ူက တစ်ခါမှ မလုပ်ဖူးတဲ့ အခုလို အလုပ်တွေနဲ့ အကျွမ်းတဝင် ရှိနေသည်။

မူလ ရှင်းသန့်ရဲ့ အကျင့်စရိုက်တွေကို ခန္ဓာကိုယ်က ကျင့်သားရနေပုံပင်။

"ယူဦးမလား "

မီးဖိုက အပူဟပ်တော့ နဖူးက စီးကျလာတဲ့ ပါးပြင်ပေါ်က ချွေးစတွေကို လက်နဲ့ ပွတ်တိုက်သုတ်ရင်း ကလေးမလေး ဘေးခုံမှာ ဝင်ထိုင်လိုက်တယ်။

"ဟင့်အင်း ... ကျေးဇူးတင်ပါတယ် ... ဦးဦး"

အိုးဘဲဥကို ဇွန်းနဲ့ သေသေသပ်သပ် ဖဲ့စားနေတဲ့ ကလေးမလေးက အထက်တန်းလွှာ ဆန်ဆန် တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ဖြေတော့ ရှင်းသန့် စိတ်ထဲ လေးစားသွားမိသည်။

"သမီးက ဘယ်နိုင်ငံသားလဲ "

ဘာရယ်မဟုတ် ... မျက်လုံးပြာပြာလေးတွေကို စိတ်ဝင်စားလို့ စပ်စုလိုက်ရုံသာ။ ဘိုရုပ်လေးနဲ့ တူပေမဲ့ မြန်မာစကားကိုလည်း လည်လည်ဝယ်ဝယ် ပြောနိုင်တဲ့ ကလေးမလေးက သူ့မျက်လုံးထဲ အတော့်ကို ချစ်ဖို့ကောင်းနေတာ အမှန်။

"အန်နာက ... ... ... "

စားသောက်ခြင်းကို အဆုံးသတ်လိုက်တဲ့ ကလေးမလေးက သူ့ဘက်ကို လှည့်ကာ စကားပြောဖို့ အားယူနေတုန်းမှာပင် ...

"Anna ..."

နောက်ဖေးခန်းထဲ ဝင်လာတဲ့ အမျိုးသားရဲ့ အသံက ကြည်လင်နေတယ်။ ၇ ပေတံခါးပေါက်နဲ့ သိပ်မကွာတော့တဲ့ အရပ်ကြီး မိုးထိုးနေတဲ့ အမျိုးသားကို ရှင်းသန့် ကြောင်ငေးနေမိသည်။

"Yes ... Dad"

Anna က ချက်ချင်း ထိုင်ခုံပေါ်က ဆင်းကာ ထိုအမျိုးသားဆီ လှစ်ခနဲ ပြေးသွားသည်။ ရွှေအိုရောင် ဆံပင်ပိုင်ရှင် အမျိုးသားက ဟိုတစ်ခါတွေ့ဖူးတဲ့ အမျိုးသားပင်။ အဖြူရောင် ကော်လံတုံး လက်ရှည်ဝတ်ထားသည့် သူက မန်ကျည်းစေ့ရောင် အကွက်စိပ် ပုဆိုးနဲ့ ရှေ့တစ်ခါ တွေ့တုန်းကလိုပင် ထင်းနေပြန်သည်။

"ဩော် ... ရှင်းသန့်"

သူ့သမီးကို စွေ့ခနဲ ပွေ့ချီလိုက်ပြီး တီတီတာတာတွေ ပြောရင်းပြုံးနဲ့ လူကြီးက ခုံမှာ အတောင့်လိုက် ထိုင်နေတဲ့ ရှင်းသန့်ကို သတိထားမိသွားပုံပင်။

What ...

မူလ ရှင်းသန့်နဲ့  ဘဲကြီးက အသိတွေလား

"မတွေ့တာ ကြာပြီနော်"

အပြုံးနဲ့ အေးအေးဆေးဆေး နှုတ်ဆက်လာတဲ့ ဘဲကြီးကြောင့် သူထိုင်ရာက အယောင်ယောင် အမှားမှား ထရပ်လိုက်မိတယ်။

ထူးဆန်းတယ် ... ။

ဘဲကြီး ပြုံးတာကို မြင်တော့ သူဘာလို့ ငိုချင်သလို ခံစားနေရတာလဲ

"မောရရေ ...   အန်နာ့ကို တွေ့ပြီလား ဒီမှာ ဦးရွှေရိုး ဒေါ်မိုးကတဲ့ အုပ်စုတွေ ရောက်လာပြီ"

"အန်နာ ... လာပြီ"

အိမ်ရှေ့က ထွက်လာတဲ့ မမကြီး အသံနောက်မှာ ခပ်တိုးတိုး ပျံ့လွင့်လာတဲ့ အိုးစည်ဒိုးပတ်သံတွေကို ကြားတော့ အန်နာက သူ့အဖေလက်ထဲ လူးလွန့်ပြီး အိမ်ရှေ့ကို ဆင်းပြေးသွားတယ်။

နောက်ဖေး မီးဖိုခန်းကြီးထဲမှာ ဘဲကြီးရယ် ရှင်းသန့်ရယ် တဖျစ်ဖျစ် မြည်နေတဲ့ မီးတောက်တွေရယ်။

* * *